2021 ခုနှစ် မေလ 28 ရက်

လူဝင်မှုကြီးကြပ်ရေးဌာန

မြန်မာနိုင်ငံရှိအခြေအနေမတည်ငြိမ်မှုများကြောင့် ဂျပန်နိုင်ငံတွင် နေထိုင်လိုသူများသို့

မြန်မာနိုင်ငံ၏အခြေအနေမတည်ငြိမ်မှုများကြောင့် နိုင်ငံသို့မပြန်နိုင်ဘဲ ဂျပန်နိုင်ငံတွင်နေထိုင်လိုသူများအတွက် အရေးပေါ်ကယ်ဆယ်ရေးဆောင်ရွက်မှုအနေဖြင့် နေထိုင်ခွင့်နှင့် အလုပ်လုပ်ရန်ခွင့်ပြုချက်ချခဲ့ပါသည်။

1 ပစ်မှတ်ထားသူများ

မြန်မာနိုင်ငံသားဖြစ်သူ သို့မဟုတ် မြန်မာနိုင်ငံတွင်ပုံမှန်နေထိုင်ရာနေရာရှိသည့်နိုင်ငံခြားသားဖြစ်ပြီး မြန်မာနိုင်ငံ၏အခြေအနေမတည်ငြိမ်မှုများကြောင့် ဂျပန်နိုင်ငံတွင်နေထိုင်လိုသူများ

(သတိ) လက်ရှိရထားသည့်နေထိုင်ခွင့်ဗီဇာကိုအခြေခံသည့်လုပ်ဆောင်ချက်များကို ဆက်လက်လုပ်ဆောင်နေသူသည် ဤဆောင်ရွက်မှုနှင့်ပတ်သက်သည့် နေထိုင်ခွင့်ဗီဇာပြောင်းလဲရန်ခွင့်ပြုချက်အတွက်လျှောက်ထားရန် မလိုအပ်ဘဲ လက်ရှိရထားသည့် နေထိုင်ခွင့်ဗီဇာဖြင့်သာ ဆက်လက်နေထိုင်နိုင်ပါသည်။

2 ဆောင်ရွက်မှုအကြောင်းအရာ

လက်ရှိရထားသည့်နေထိုင်ခွင့်ဗီဇာကိုအခြေခံသည့်လုပ်ဆောင်ချက်များ ပြီးဆုံးသွားသူများ (*1) အတွက် **ယေဘုယျစည်းမျဉ်းအနေဖြင့် "အထူးလှုပ်ရှားမှု (6လ၊ အလုပ်လုပ်ခွင့်ပြု)" သို့နေထိုင်ခွင့်ဗီဇာပြောင်းလဲရန် ခွင့်ပြုချက်အတွက်လျှောက်ထားနိုင်**ပါသည် (*2) ။

ထို့အပြင် ကျွမ်းကျင်စက်မှုလုပ်ငန်းနယ်ပယ် (ဘိုးဘွားပြုစုစောင့်ရှောက်ရေး၊ စိုက်ပျိုးရေးစသည့် နယ်ပယ် 14ခု) တွင်အလုပ်လုပ်လိုသူများရှိပါက **"အထူးလှုပ်ရှားမှု (1နှစ်၊ အလုပ်လုပ်ခွင့်ပြု)" သို့နေထိုင်ခွင့်ဗီဇာပြောင်းလဲရန် ခွင့်ပြုချက်အတွက် လျှောက်ထားနိုင်**ပါသည်။ အသေးစိတ်ကို ဤနေရာ တွင်စစ်ဆေးကြည့်ရှုပါ။

*1 "လုပ်ဆောင်ချက်များပြီးဆုံးထားသူ" ဆိုသည်မှာ ဥပမာအားဖြင့် အလုပ်စာချုပ်သက်တမ်းပြည့်သွားသည့်သူ၊ နည်းပညာအလုပ်သင်သင်တန်းပြီးဆုံးသွားသူ၊ ပညာရေးအဖွဲ့အစည်းမှ ဘွဲ့ရပြီး၊ ပြီးမြောက်ပြီးသူများကို ဆိုလိုပါသည်။

*2 မြန်မာနိုင်ငံ၏အခြေအနေများတိုးတက်ကောင်းမွန်လာခြင်းမရှိသေးကြောင်းကို အသိအမှတ်ပြုလိုက်ပါက နေထိုင်ခွင့်သက်တမ်းတိုးမြှင့်ရန်ခွင့်ပြုချက်ကိုလျှောက်ထားနိုင်ပါသည်။

3 တင်ပြရမည့်စာရွက်စာတမ်းများ

(1) နေထိုင်ခွင့်ဗီဇာပြောင်းလဲရန်ခွင့်ပြုချက်လျှောက်လွှာ (ပုံစံU (အခြား))

*မျက်နှာဓာတ်ပုံလည်းလိုအပ်ပါသည်။

(2) ပတ်စ်ပို့မိတ္တူနှင့် ပတ်စ်ပို့၏နိုင်ငံအဝင်အထွက်တံဆိပ်စသည့် အထက်ပါ 1 ၏ပစ်မှတ်ထားသူဖြစ်ကြောင်း

သိနိုင်သည့်စာရွက်စာတမ်းများ

(3) ဖြေရှင်းတင်ပြချက်